IB DIPLOMA PROGRAMME
PROGRAMME DU DIPLÔME DU BI
PROGRAMA DEL DIPLOMA DEL BI

**BURMESE A1 – STANDARD LEVEL – PAPER 1**
**BIRMAN A1 – NIVEAU MOYEN – ÉPREUVE 1**
**BIRMANO A1 – NIVEL MEDIO – PRUEBA 1**

Monday 10 May 2004 (afternoon)
Lundi 10 mai 2004 (après-midi)
Lunes 10 de mayo de 2004 (tarde)

1 hour 30 minutes / 1 heure 30 minutes / 1 hora 30 minutos

---

INSTRUCTIONS TO CANDIDATES

- Do not open this examination paper until instructed to do so.
- Write a commentary on one passage only. It is not compulsory for you to respond directly to the guiding questions provided. However, you may use them if you wish.

INSTRUCTIONS DESTINÉES AUX CANDIDATS

- N'ouvrez pas cette épreuve avant d'y être autorisé(e).
- Rédigez un commentaire sur un seul des passages. Le commentaire ne doit pas nécessairement répondre aux questions d'orientation fournies. Vous pouvez toutefois les utiliser si vous le désirez.

INSTRUCCIONES PARA LOS ALUMNOS

- No abra esta prueba hasta que se lo autoricen.
- Escriba un comentario sobre un solo fragmento. No es obligatorio responder directamente a las preguntas que se ofrecen a modo de guía. Sin embargo, puede usarlas si lo desea.

အောက်ပါကောက်နုတ်ရွေးချယ်ချက်များမှ <u>တစ်ခုကိုရွေးချယ်၍</u> ဝေဖန်ဆွေးနွေးပါ။ ပေးထားသော လမ်းညွှန်မေးခွန်းများအပေါ် တိုက်ရိုက် မူတည်၍ မဖြေမနေရ ဖြေရမည်ဟု မဆိုလိုပါ။ သို့သော်လည်း ယင်းတို့ကို အသုံးပြုလိုသော် သုံးနိုင်ပါသည်။

1 (a)

‘ဘုရားမဲ’

ဆန်တပြည် ငွေတမတ်ရယ်နဲ့၊
မဏ္ဍာပ်ရဲ့ တိုင်ကိုထူ၊ ထုံးသုတ်လို့ဖြူ။ ။
အမိုးကစလူ၊ ကြူဖျာက အခင်း။ ။
ငှက်ပျောပင် ငယ်ငယ်က၊
တိုင်ပတ်လည် ချည်ကာစိုက်တယ်၊
လှလိုက်လေခြင်း။ ။
အော် – တောမှာ ပါဝါမလုပ်နိုင်ဘု၊
ငါးပြုတ်နဲ့ မုံ့ဟင်းချို၊ ဂျင်းလဘက်စို။ ။
အကြမ်းနဲ့ဆို၊ ချွေးယိုလို့ လျှာစွဲ။ ။
ယပ်လေး တကိုင်ကိုင်နဲ့၊
စကား တလှိုင်လှိုင်ပေါ့၊
ဝိုင်းမြိုင်မြိုင် ကိုယ်စီဖွဲ့တယ်၊
တောရဲ့ ရှင်ပွဲ။ ။
ဖလားမှာ မဲတွေထည့်လို့၊
သူကြီးတဲ့ ပိုက်ကာလေ၊ မဲလိပ်ကိုဝေ။ ။
လက်တုန်လို့နေ၊ ရင်တွေကခုန်သေး။ ။
တောင်ပိုင်း ပေါက်မယ်ထင်နဲ့၊
မြောက်ပိုင်း ပေါက်မယ်ထင်နဲ့၊
အိုးစည်ရှင် လူရည်လှရယ်၊
လက်ပြင်ပံ လေး။ ။
ဆင်းထုတော် မဟာဒုတ်၊
တုတ်ထမ်းလို့ လျှိုကာရယ်၊ ထမ်းစင်နဲ့သယ်။ ။
တောင်ပိုင်းကရယ်၊ မြောက်စွယ်က ငိုကြွေး။ ။
အကြွား တကယ်ပိုတဲ့၊
အဖွား အမယ်အိုက၊
အတိတ်ကံကို မင်္ဂဖိုနဲ့ ကျွမ်းသမို့၊
နိဗ္ဗာန်တခို ရက်တိုနဲ့ လှမ်းမတဲ့၊
ဆံမြိတ်ဆံတို တဘက်ညိုနဲ့ လွှမ်းလို့ရယ်၊
ရမ်းနွဲ့က သေး။ ။

ရောင်နီ
ရှုမဝမဂ္ဂဇင်း၊ အတွဲ ၇၊ အမှတ် ၈၀၊
ဇန္နဝါရီလ ၁၉၅၉။

- သင်အမြင်အရ အထက်ပါ ကဗျာတွင် စာဆိုသည် မည်သည့် အကြောင်းအရာများကို ဖွဲ့ဆိုတင်ပြထားပါသနည်း။

- အထက်ပါ ကဗျာတွင် ဘုရားမဲပွဲတော်ကျင်းပပုံကို စာဆိုက မည်သို့တင်ပြသည်ကို ဆန်းစစ်ဆွေးနွေးပါ။

- အထက်ပါ ကဗျာကိုဖတ်ရာတွင် စာဖတ်သူ အသိစိတ်၌ အာရုံခံစားမှုအမျိုးမျိုး ဖြစ်ပေါ်လာစေရန် စာဆိုအသုံးချခဲ့သည့် စကားအသုံးအနှုန်းများကို ဝေဖန်ဆွေးနွေးပါ။

- အထက်ပါကဗျာ၏ ကာရန်များနှင့် နရီများတွင်ရှိသည့် အသံ၏ဂုဏ်ရည်နှင့် အသံရှိန်များကို ဖန်တီးဖွဲ့ဆိုပုံနှင့် ယင်းတို့ကို မည်သို့အသုံးချပုံများကို ဝေဖန်ဆွေးနွေးပါ။

1(b)

ပိန္နဲသီးမှည့်တွေ လှိုင်သော မိုးဦးကျ တနေ့တွင် ကျွန်တော်တို့သည် အပုလေး၏ ဥယျာဉ်သို့ ပိန္နဲသီးမှည့်စားရန် ရောက်သွား လေသည်။ ခြံထဲတွင် အရွက်စိမ်းဖြင့် ဝေနေသော ပိန္နဲပင်များနှင့် အပြွတ်လိုက်သီးနေသည့် ပိန္နဲသီးများကို အားရပါးရ မြင်ရပါသည်။ ပိန္နဲသီးမှည့်နံ့သည် တခြံလုံးပင် သင်းပျံ့မွှေးကြိုင်လျက်ရှိပါသည်။ တနေရာထွင်မှ အပင်တွင် မှည့်နေသော ပိန္နဲသီးပင်မှည့်ကို ကျီးကန်းတအုပ်က အလုအယက် ထိုးဖောက် စားနေပါသည်။ ယင်ကောင်တွေကလည်း တဝေါဝေါပင်။ မျက်နှာနီသော ကြက်မောက်သီးနှင့် အသားဝါကနစိုးသီးတို့သည် ကျွန်တော်တို့ လူစုအား ကန့်လန့်ကာ အစိမ်းကြားမှ ခေါင်းငုံ့၍ ကြည့်နေကြပါသည်။ သူတို့အနီးတွင် ‘ဧည့်သည်လာတယ်ဟေ့’ဟု ကြွေးကြော်နေဘိသည့်အလား ကျီးတကောင်သည် တစာစာ သာလျက်ရှိပါသည်။ ကျွန်တော်တို့သည် ပင်ခြေရှင်းသော သစ်ပင်များအောက်ရှိ ခြေသွားလမ်းလေးအတိုင်း အပုလေး၏တဲသို့ လျှောက်၍သွားကြပါသည်။ ‘ အပုလေးရေ ...... ကျွန်တော်တို့ လာတယ်ဗျို့’ ဟုအသံပေးရင်း တဲဝတွင် ရပ်လိုက်ကြပါသည်။

သူပုန်တွေနှင့် အစိုးရ တိုက်ပွဲမဖြစ်တော့ဘူးဟု ကြားရလျှင် ကျွန်တော်တို့ ဒီလောက် အံ့ဩလိမ့်မည် မဟုတ်ပါ။ ကျွန်တော်တို့ အထူးပင် အံ့ဩရပါသည်။ ယောကျ်ားလျာကိုပုလေး၏ တဲဝတွင် သူကြီးသမီး မစိန်ခင်သည် အခန့်သားထိုင်နေ၍ ကိုပုလေးက ပိန္နဲသီးများကို တမွှာချင်း အဆံထုတ်ပေးပြီး ထွင်ပေးနေသည်ကို တွေ့ရပါသည်။ တောင်ထိပ်တွင် ကြာပေါက်၍ အနောက်တွင် နေထွက်ခြင်းပေတကား။

‘မင်းတို့ကျေးဇူးဘဲကွ၊ မင်းတို့ကြောင့် သူ့ကိုရတာ၊ မင်းတို့ကို ငါ့အပြင် ချစ်မည့်သူ ပေါ်လာတာ ဝမ်းမသာဘူးလား ဟင် ...’ ဟု ကိုပုလေးက အားရဝမ်းသာဆိုပါသည်။ ကျွန်တော်တို့ သူ့စာကို မစိန်ခင်ထံ မပို့ခဲ့၊ ဘယ်လိုက ဘယ်လို ဆက်သွယ်မိသွားကာ သူတို့နှစ်ယောက် ခုအခြေတွင် ရောက်နေလေမသိ။ ထိုနေ့က အပုလေးမှာ ပျာနေသည်။ ဝမ်းသာလွန်း၍ ရှင်မြူးပေါ့ပါးနေသည့်ဟန်သည် သူတကိုယ်လုံး ဖုံးမရအောင်ပေါ်နေသည်။ သူ့ဆံပင်သည် ခါတိုင်းလို ပွမနေ၊ သပ်သပ်ယပ်ယပ် ရှိလှဘိသည်။ သူ၏ကွမ်းစားလွန်းသဖြင့် အစဉ်ရဲနေသော သွားတို့ပင် ဖွေးနေတာ တွေ့ခဲ့ရသည်။ ကျွန်တော်တို့ အံ့ဩခြင်းကြီးစွာနှင့် ရွာသို့ပြန်ခဲ့သော် ‘မစိန်ခင် တယောက် ကိုပုလေးနှင့်လိုက်ပြေးခြင်း၊ ခွဲသော်လည်းမရ’ ဟူသောသတင်း တရွာလုံး ပြန့်လျက်ရှိပါသတည်း။

ကျွန်တော်တို့အတွက် စားအိမ်တအိမ် တိုးတော့သည်။ ခါတိုင်း ဥယျာဉ်သို့သာ နေ့တိုင်းသွားသဖြင့် တံခါးပိတ်ခဲ့ရသော အပုလေး၏ အိမ်တံခါးသည် မစိန်ခင် ရောက်သဖြင့် ပွင့်နေလေသည်။ အပုလေး ဥယျာဉ်မသွားမီ ချက်ပြုတ်ခဲ့သော စားစရာတို့မှာ အိမ်တွင် အသင့်ဖြစ်သည်။ အိပ်ရာခြင်ထောင်၊ ခေါင်းအုံးမှအစ မစိန်ခင်၏အဝတ်တွေပါ အပုလေးက လျှော်ဖွပ်ပေးခဲ့သည်။ မစိန်ခင်၏အလုပ်မှာ အိပ်ကာ စားကာနေရုံအပြင် တခြားမရှိပြီတည်း။ အိမ်တွင်းအလုပ်၊ အိမ်ပြင်စီးပွားရှာဖွေမှု အလုပ်တို့ဖြင့် အပုလေးသည် ခါတိုင်းထက်ပို၍ ပင်ပန်းနေသဖြင့် အနည်းငယ် ပိန်သွားသည်ဟု ကျွန်တော်တို့ထင်ပါသည်။ သို့သော် တွေ့ရခဲသော အပြုံးကိုမူ သူ့နှုတ်ခမ်းတွင် အစဉ်တွေ့နေရပါသည်။

‘အမေရယ်၊ အပုလေးသနားပါတယ်၊ ယောကျ်ားလိုနေလို့ ယောကျ်ားအလုပ်လဲ အကုန်လုပ်ရသေးတယ်၊ မိန်းမကလဲဖြစ်တော့ မိန်းမအလုပ်လဲ အကုန်လုပ်ရသေးတယ်။ မစိန်ခင်ကဖြင့် မြို့သူရှုံးဘဲ၊ သနပ်ခါး တကိုယ်လုံးလိမ်းပြီး အကျီလုံချည်အသစ် ဝတ်ဆို့၊ ရွှေတွေကလဲဆင်ထားလိုက်တာ ညွှတ်ကျနေတာဘဲ။ သူ့အဖေအိမ်က ပါခဲ့တာလားမသိဘူး’ ဟုကျွန်တော်က အမေ့အားပြောမိသည်။ အမေက... ‘ဟဲ့ သူက ယောကျ်ားလျာ ဆိုတော့ ဘယ်မိန်းမက ကြိုက်မလဲ၊ ရှူးလို့မိုက်လို့ ကြိုက်တဲ့မိန်းမကို သူကယောကျ်ားအစစ်ထက် ပိုဂရုစိုက်ရမှာပေါ့၊ ဒီတော့မှ မိန်းမကမြဲမှာကိုး’ ဟုအမေကဆိုသည်။ ‘နို့ ရွှေတွေကရော’ ‘နင်တို့က အပုလေးကို ခေတယ်မှတ်လို့လား၊ ရွှေအစိတ်သားလောက်ရှိတာ၊ သူကရိုးရိုးကုပ်ကုပ်နေလို့’ ‘ဟင်..... အပုလေးက ချမ်းသာတယ်’ ‘ဟဲ့ ချမ်းသာတာပေါ့၊ သူက ထမင်း၊ ဆေးတံ ကွမ်းအပြင် တခြားစရိတ်မှမရှိတာ’။ ကျွန်တော်သည် အမေ့ စကားကိုနားထောင်ကာ မစိန်ခင်ကံကောင်းပုံကို တွေး၍နေမိသည်။ အကယ်၍ မစိန်ခင်သည် ယောကျ်ားအစစ်တယောက်ကို ယူမိလျှင် ပိုက်ဆံချမ်းသာသည်ထားဦး၊ ခုလောက်စိတ်အေးအေး နေရမည်မထင်၊ အိမ်ထောင့်တာဝန်၊ သားသမီးတာဝန်၊ ဒါအပြင် ယောကျ်ားက အသစ်တွေ့လျှင်ကော၊ ဒါတွေအတွက် မစိန်ခင်က ဘာမျှမပူရပါတကား။ ‘ကျွန်တော်သာ မိန်းမဖြစ်ရင် အပုလေးလို ယောကျ်ားလျာကိုဘဲ ယူမှာဘဲအမေ၊ သိပ်သက်သာတာနော်’ ‘ဟဲ့အရူး၊ ဘာတွေပြောနေတာလဲ’

အချိန်သည် တရွေ့ရွေ့ကုန်သွားသည်။ မစိန်ခင်သည်ပင် ကိုပုလေး၏မယားဘဝနှင့် အလှမပျက် နေခဲ့သည်မှာ ၂– နှစ်ခန့်ရှိလေပြီ။ ကျွန်တော်တို့တတွေသည်လည်း လူပျိုစာရင်းဝင်ကာ နောက်ပိုးအတတ်ကို အတော်တတ်နေကြလေပြီ။ ဤအခါတွင် မစိန်ခင်၏ အပြောင်းအလဲကို တွေ့သိလာရတော့သည်။ ကျွန်တော်တို့ သူ့ထံရောက်လေတိုင်းပင် ခါတိုင်းထက် ဖော်ရွေပျူငှာဆက်ဆံလာသည်။ ကျွန်တော်တို့တတွေအား ပူးကပ်ကပ်နေထိုင်သည်။ သူ့တွင်မည်သို့ဖြစ်သည် မဆိုနိုင်သော်လည်း သူ့အသားနှင့် ထိတွေ့မိသောကျွန်တော့်မှာ ရင်တွေ တဒိန်းဒိန်း ခုန်လာမိသည်။ တခါလည်းမဟုတ်၊ နှစ်ခါလည်း မဟုတ်တော့။ ကြာသော် ကျွန်တော်သူတို့အိမ်သို့ မသွားဘဲနေလိုက်သည်။ တခါတရံ လမ်းတွင် အပုလေးကို

တွေ့လျှင် နှုတ်ဆက်ရသည်မှာပင် ကျွန်တော် စိတ်မလုံမိ၊ ပန်းသည့် ကိုယ်ဟန်တို့ကို ကြည့်ကာ ကျွန်တော်ရင်သည် ဆို့လာမိသည်။ အပုလေးသည် မစိန်ခင်၏စိတ်ကို မသိယောင် တကား။

တနေ့တွင် အပုလေးသည် ရေးကြီးသုတ်ပျာနှင့် ကျွန်တော့်ထံ ရောက်လာသည်။ 'ဝင်းမောင်ရေ ..... စိန်ခင်တယောက် ဒီဘက်လာတာ မတွေ့မိဘူးလား' ခါတိုင်းဆိုလျှင် သူ့ဇနီးအား 'အစိန်' ဟုခေါ်နေကျဖြစ်သည်။ 'စိန်ခင်' ဟုခပ်ရင့်ရင့် ခေါ်လိုက်သဖြင့် ကျွန်တော့်မှာ ပြုံးလိုက်မိသည်။ 'မတွေ့ဘူး အပုလေးရာ ..... ဘာဖြစ်လို့လဲ'။ 'မဖြစ်ပါဘူး ငါပြန်လာတော့ အိမ်တံခါးကြီး ပိတ်ထားလို့ လူရိပ်မတွေ့တာနဲ့ မင်းတို့ဘက်များ အညောင်းပြေ လျှောက်လာသလားလို့။' အပုလေးသည် ပြောရင်းပင်ရှေ့သို့ဆက်ကာထွက်သွားသည်။

အပုလေးထွက်သွားမှ အမေက .... 'ဒီကောင်မ လင်နောက်များ လိုက်သွားလားမှ မသိဘဲ' 'အို အမေကလဲ သူ့လင်ကို သူချစ်တာဘဲ မဟုတ်လား၊ ညားလာတာလဲ ၂ နှစ်ကျော်ပီ' 'ဟဲ့ .... ၂ နှစ်မကလို့ ဆယ်နှစ်ကျော်ကျော် လင်ငယ်ယူချင်တဲ့သူတွေဟာ ယူနေကြတာဘဲ။ ပီးတော့ နင်တို့ အပုလေးက ယောကျ်ားအစစ်မှ မဟုတ်တာ' 'အို အဲဒါသက်သာတာပေါ့ အမေရဲ့၊ သူ့တောင်ပိုချစ်သေးတယ်မှုတ်လား' 'နင်မသိပါဘူး၊ အသာနေစမ်းပါ' အမေကပြောပြောဆိုဆို အခန်းထဲသို့ ဝင်သွားသောအခါ ကျွန်တော်သည် အပုလေးတို့အိမ်ဘက်သို့ ထွက်လာမိသည်။

အပုလေးအိမ်ဘက်သို့ မရောက်သည်မှာ ကြာလေပြီ။ မစိန်ခင်နေပုံထိုင်ပုံကို သဘောမကျသဖြင့် မရောက်ဘဲရှိခဲ့ခြင်းဖြစ်သည်။ အပုလေးတို့အိမ်တွင်ကား လူ ၄–၅ ဦးရောက်နေကြသည်။ အပုလေးက ဖိနပ်ချွတ်တွင် ခြေဆင်းထိုင်၍ အိမ်အထက်ပိုင်းအဆင့်ကို မှီထားသည်။ လက်တဖက်သည် အိမ်ခါးပန်းကို ကိုင်လျက် လက်တဖက်ကား ပုဏ္ဏားကွယ်ကိုကိုင်ထားသည်။ အံကိုကြိတ်၍ စိတ်ကိုတင်းထားဟန်ရသည်။ ကျွန်တော်ရောက်သွားသောအခါ ရောက်နှင့်နေသော အိမ်နီးနားချင်းတို့သည် တယောက်စီ ထွက်ခွာသွားကြလေသည်။ အပုလေး၏ ဇနီးချော မစိန်ခင်သည်မြို့မှ ဗုဒ္ဓဟူးနေ့တိုင်း စာလာပို့သော စာပို့သမားနှင့် လိုက်ပြေးသည်ဟူသတတ်။

ကြွယ်ကြွယ်
မြဝတီမဂ္ဂဇင်း၊ အတွဲ ၁၁၊ အမှတ် ၇၊
မေလ ၁၉၆၃

– အထက်ပါ ကောက်နုတ်ချက်တွင် စာရေးဆရာ အဓိက တင်ပြလိုသောအချက်များကို ဖော်ပြဆွေးနွေးပါ။

– အထက်ပါ ကောက်နုတ်ချက်တွင် အပုလေးနှင့် မစိန်ခင်တို့နှစ်ဦးကြား ဆက်ဆံရေးနှင့် ယင်းဆက်ဆံရေးအား စာဆိုက မည်သို့ တင်ပြထားပုံကို သင်နားလည်သည့်ရှုထောင့်မှနေ၍ ဆွေးနွေးပါ။

– အထက်ပါ ကောက်နုတ်ချက်တွင် ရှုမြင်ကွင်းများ နှင့် အဖြစ်အပျက်များကို ရေးသားဖော်ပြရာ၌ စာရေးဆရာ အသုံးပြုခဲ့သည့် ရသစာပေ အလင်္ကာများအပေါ် ဝေဖန်ဆွေးနွေးပါ။

– အထက်ပါ ကောက်နုတ်ချက်တွင် ပါဝင်သည့် အဓိကဇာတ်ကြောင်းပြောသူ ကလေးငယ်၏ အခန်းကဏ္ဍကို ဆွေးနွေးပါ။

---